
ဘာသာပြန်စာရေးသူ – နွေဦး
မျိုးနွယ်စုတို့
အင်ပါယာ
စာစဉ်(၂၀)

# အခန်း (၁၉၁)

# ဂူရူလုံ၏ တက်လှမ်းခြင်း နှင့် အထက်ကမ္ဘာရှိ ဂူမိသားစု ကုန်သည်အသင်း

*

ဂူ မိသားစုအတွင်း၌ ဂူရူလုံနှင့် ဂူချီထျန်းတို့သည် လူတိုင်း၏ ရှေ့တွင် ရပ်နေကြ၏။

"အဖေ... တက်လှမ်းခြင်း ပြုတော့မလို့လား..."

ဂူချန်းခွန်းသည် ဂူရူလုံ၏ ရှေ့တွင် ရပ်နေရင်း လွမ်းဆွတ်မှုများ ပြည့်နှက်နေသည့် လေသံဖြင့် မေးလိုက်သည်။ ဂူရူလုံကို ကြည့်နေသည့် သူ၏ မျက်လုံးများတွင် မခွဲခွာလိုသော အရိပ်အယောင်များ အပြည့် ရှိနေ၏။

ထိုအခိုက်အတန့်တွင် ဂူရူလုံက သူ့ခေါင်းကို

ဖြတ်ရိုက်လိုက်သည်။

"မင်းက ဘာလို့ ဒီလောက်တောင် ဝမ်းနည်းနေရတာလဲ... သေကွဲကွဲရမယ့် အတိုင်းပဲ... ဒါ့အပြင် မင်းရဲ့ ပါရမီနဲ့ ဆိုရင် အထက်ကမ္ဘာကို ရောက်လာဖို့ သိပ်မကြာတော့ပါဘူး..."

ဝူရှုလုံက လေသံမာမာဖြင့် ပြောလိုက်၏။

ဝူချန်းခွန်းက သူ့ခေါင်းသူ ကုတ်၍ တီးတိုး ရေရွတ်လိုက်သည်။

"ကျွန်တော် ဝတ္ထုတွေထဲမှာ ဖတ်ဖူးတယ်... ဝတ္ထုတွေထဲမှာ လူတွေ ခွဲခွာရတဲ့အခါတိုင်း ဝမ်းနည်းစရာ ကောင်းတယ်လေ..."

ဝူမိသားစု ကုန်သည်အသင်းမှ မိုဘိုင်းဖုန်းကို မိတ်ဆက်ပြီးနောက် ရွှမ်ထျန်းကမ္ဘာ၏ ဖွံ့ဖြိုး တိုးတက်မှုသည် သိသိသာသာ မြန်ဆန်လာခဲ့သည်။ 'ခရမ်းချဉ်သီး' ဝတ္ထုများကဲ့သို့သော ခေတ်စားသည့် စာပေလက်ရာများပင် ပေါ်ထွန်း

လာခဲ့ပြီ ဖြစ်သည်။

"ကောင်းပြီ... ငါနဲ့ ချီထျန်းက တက်လှမ်းခြင်း အတွက် ပြင်ဆင်တော့မယ်... မင်းတို့လည်း ကြိုတင် ပြင်ဆင်ထားကြ... အထက်ကမ္ဘာမှာ လုပ်စရာတွေ အများကြီး ရှိတယ်..."

ဝူရှုလုံသည် ထိုသို့ပြောပြီးသည်နှင့် သူ့ဘေးရှိ ဝူချီထျန်းကို ကြည့်လိုက်၏။ ဝူချီထျန်းက ခေါင်းညိတ်ပြလိုက်ပြီးနောက် သူတို့ နှစ်ယောက်စလုံးသည် ဝူ မိသားစုအတွင်းမှ ရုတ်ခြည်း ပျောက်ကွယ်သွားကြသည်။ သူတို့ ပြန်ပေါ်လာချိန်တွင် ဝူ မိသားစု၏ အပြင်ဘက်သို့ ရောက်ရှိနေပြီ ဖြစ်၏။

သူတို့ နှစ်ဦးသည် ကျင့်ကြံစွမ်းအားများကို ဖိနှိပ်ထားခြင်းမှ ရပ်တန့်လိုက်သည်နှင့် ကောင်းကင်ယံ၌ မိုးခြိမ်းသံများ စတင်မြည်ဟည်းလာ၏။ သေချာသည်မှာ သူတို့ နှစ်ဦး

သည် အတူယှဉ်တွဲ၍ ကပ်ဘေးဖြတ်ကျော်ခြင်း ပြုလုပ်မည်ဆိုပါက မိုးကြိုးကပ်ဘေး၏ အင်အားသည် ပို၍ ကြီးမားလာမည် ဖြစ်သောကြောင့် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာ ရပ်နေကြခြင်း ဖြစ်သည်။ အကယ်၍ အတူတကွ ရပ်နေမည် ဆိုပါက ဝူရှုလုံနှင့် ဝူချီထျန်းတို့၏ အခြေခံအုတ်မြစ်များသည် ခံနိုင်ရည် ရှိမည် မဟုတ်ချေ။

မကြာမီမှာပင် မရေမတွက်နိုင်သော ခရမ်းရင့်ရောင် မိုးကြိုးများက ဝူရှုလုံနှင့် ဝူချီထျန်းတို့ ထံသို့ အရှိန်အဟုန်ဖြင့် ကျဆင်းလာသည်။ သို့သော်လည်း ထိုမိုးကြိုးများအားလုံးကို သူတို့နှစ်ယောက်စလုံးက အလွယ်တကူ ကာကွယ်တားဆီးနိုင်ခဲ့ကြ၏။

ကောင်းကင်နှင့်မြေကြီး ရတနာ များဖြင့် တည်ဆောက်ထားသော ခိုင်မာသည့် အခြေခံ

အုတ်မြစ်နှင့် ကောင်းကင်စစ်သည်များ၏ အကူအညီဖြင့် တက်လှမ်းခြင်းကို မအောင်မြင်ပါက ထိုအရာကမှ ထူးဆန်းပေလိမ့်မည်။

မိုးကြိုးကပ်ဘေး ပြယ်လွင့်သွားသည်နှင့် တစ်ပြိုင်နက် ဂူရုလုံနှင့် ဂူချီထျန်းတို့မှာ ရွှမ်ထျန်းကမ္ဘာမှ ပျောက်ကွယ်သွားပြီး အထက်ကမ္ဘာသို့ အောင်မြင်စွာ တတ်လှမ်းသွားခဲ့သည်။

အထက်ကမ္ဘာသို့ တက်လှမ်းခြင်း အောင်မြင်ပြီးသည်နှင့် သူတို့ ရှေ့တွင် ဂူဟောက် ပေါ်လာသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားကြသည်။ ထို့နောက် သူတို့က ပြိုင်တူ မေးလိုက်ကြ၏။

"အဖေ... ကျွန်တော်တို့ကို လာကြိုတာလား..."

"ဘိုးဘိုး... ကျွန်တော်တို့ကို လာကြိုတာလား..."

"မဟုတ်ဘူး... မင်းတို့ကို ပေးစရာလေး ရှိလို့..."

ဂူဟောက်က ခေါင်းကို ဖြည်းညင်းစွာ ခါရမ်း

လိုက်သည်။ သူ၏ စကားကြောင့် ဝူရှုလုံနှင့် ဝူချီထျန်းတို့၏ စိတ်လှုပ်ရှားမှုများမှာ ချက်ချင်းပင် ရေခဲရေဖြင့် ပက်ခံလိုက်ရသကဲ့သို့ အေးစက်သွား၏။ သို့သော်လည်း ဝူဟောက်က ထိုအရာကို ဂရုမစိုက်ဘဲ သူ လာရသည့် ရည်ရွယ်ချက်ကို ဆက်၍ ရှင်းပြလိုက်သည်။

"အထက်ကမ္ဘာမှာ ဝူမိသားစု ကုန်သည်အသင်းကို စတင်ဖို့ ငါ မင်းတို့ကို လိုအပ်တယ်..."

"ဝူမိသားစု ကုန်သည်အသင်း တည်ထောင်ဖို့လား... အဲဒီတာဝန်ကို ယီဖန်ဆီ အပ်ထားတာ မဟုတ်ဘူးလား..."

ဝူချီထျန်းက မျက်မှောင် အနည်းငယ် ကုတ်၍ နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

ဝူဟောက်က သက်ပြင်းတစ်ချက် ချလိုက်ပြီး အကူအညီမဲ့စွာဖြင့် ပြောလိုက်သည်။

"တကယ်တော့ ယီဖန်က စီးပွားရေးနဲ့

ပတ်သက်ရင် ဘာမှ မသိဘူး... သူ သိတာက တိုက်ခိုက်ဖို့ပဲ... အထက်ကမ္ဘာဆီ တက်လှမ်းခြင်း ပြုပြီးကတည်းက သူက တိုက်ပွဲဝင်နေတာပဲ ဖြစ်ဖြစ်... တိုက်ပွဲဝင်ဖို့ သွားနေတာပဲ ဖြစ်ဖြစ် အမြဲတမ်း အဲလိုပဲ ဖြစ်နေတာ..."

ဝူဟောက်၏စကားများမှာ အလကား သက်သက် ပြောနေခြင်း မဟုတ်ချေ။ ရှေးဟောင်းကန္တာရ မြင့်မြတ်နယ်မြေ သို့ ဝင်ရောက်ပြီးနောက် အတိအကျ ဆိုရလျှင်ဖြင့် တွမ့်သယ် နှင့် သူငယ်ချင်း ဖြစ်ပြီးကတည်းက ဝူယီဖန်သည် လင်း မိသားစုကို ပြဿနာ သွားရှာနေခဲ့သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် သူသည် ကုန်သည်အသင်း တစ်ခုကို စတင်တည်ထောင်ရန် မည်သို့ အချိန်ရှိနိုင်မည်နည်း။

ဝူဟောက်၏ စကားကို ကြားပြီး ဝူရှုလုံနှင့် ဝူချီထျန်းတို့ နှစ်ယောက်စလုံး မျက်မှောင်ကုတ်သွား

ကြ၏။ သို့သော်လည်း အတန်ကြာပြီးနောက် ဝူရှု လုံက သက်ပြင်းတစ်ချက် ချကာ ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျွန်တော် သိပါပြီ အဖေ... ဒါကို ကျွန်တော့်ဆီသာ လွှဲထားလိုက်ပါ..."

"အေး... အကူအညီ လိုအပ်ရင် နတ်ဘုရားဆန့်ကျင်ခြင်း မြင့်မြတ်နယ်မြေ ဆီ တိုက်ရိုက်ဆက်သွယ်လိုက်... ဒါမှမဟုတ် ဒီခေါင်းလောင်းကို သုံးလိုက်... အထဲက ဝိညာဉ်က ထွက်လာပြီး မင်းကို ကူညီလိမ့်မယ်..."

ဝူဟောက်က ခေါင်းညိတ်လိုက်ပြီးနောက် ဖရိုဖရဲ ခေါင်းလောင်း ကို ထုတ်ယူလိုက်၏။

မြင်းတစ်ကောင်ကို ပြေးစေချင်ပါက မြက်ကျွေးရန် လိုအပ်သည်။ ဝူဟောက်သည် သူတို့ လိုအပ်သည့် အကူအညီမှန်သမျှ ထောက်ပံ့ပေးမည် ဖြစ်ရာ အဆင့်ရှစ် နတ်ဘုရား မော်

လက်နက် လည်း အပါအဝင် ဖြစ်သည်။ ဖရိုဖရဲ ခေါင်းလောင်း၏ အကူအညီဖြင့် ဝူဟောက် ကိုယ်တိုင် ဝင်မပါသရွေ့ အထက်ကမ္ဘာရှိ မည်သူ ကမျှ ဝူမိသားစု ကုန်သည်အသင်းကို ထိခိုက် အောင် လုပ်နိုင်မည် မဟုတ်ချေ။

ဖရိုဖရဲ ခေါင်းလောင်းကို မြင်လိုက်ရချိန်တွင် ဝူ ရှူလုံနှင့် ဝူချီထျန်းတို့မှာ အံ့အားသင့်စွာဖြင့် လေ ပူတစ်ချက် မှုတ်ထုတ်လိုက်မိကြသည်။ ဖရိုဖရဲ ခေါင်းလောင်း၏ ထူးခြားသော သဘာဝကို သူ တို့ သဘာဝကျကျ အာရုံခံမိသည်။ ဤ အရာ၏ရှေ့တွင် သူတို့ကိုယ်သူတို့ ပုရွက်ဆိတ် များ ဖုန်မှုန့်များကဲ့သို့ သေးနုပ်သော ဖြစ်တည်မှု ကို ခံစားလိုက်ရသည်။

"အဖေ... ဒီခေါင်းလောင်းက ဘယ်လောက်ထိ စွမ်းအား ကြီးမားလဲ ဟင်..."

ဝူရှူလုံက သိချင်စိတ် ပြင်းပြစွာဖြင့် မေး

လိုက်၏။ သို့သော်လည်း ဂူဟောက်က လက်ဝှေ့ယမ်းလိုက်ပြီး အလွန်တရာ အေးတိအေးစက်နိုင်လှသည့် လေသံဖြင့် ကြွားလုံးထုတ်သည့်စကားတစ်ခွန်းကို ဆိုလိုက်သည်။

"အင်း... အဲဒါက သိပ်တော့ အားမကြီးပါဘူး... တစ်ခုပဲ ရှိတာက အထက်ကမ္ဘာ တစ်ခုလုံးက ဘယ်သူမှ သူ့ကို မနိုင်နိုင်ဘူး ဆိုတာပဲ..."

ဂူဟောက်သည် အမှန်တရားကို ပြောနေခြင်းဖြစ်သည်။ သူ၏ စွမ်းအားသည် ဖရိုဖရဲခေါင်းလောင်းကို အပြည့်အဝ အသက်သွင်းနိုင်လောက်အောင် အားမကောင်းသော်လည်း

သို့သော် ဖရိုဖရဲ ခေါင်းလောင်း တွင် ပင်ကိုယ်ပါရှိသည့် စွမ်းအားသည် သူ့အား အထက်ကမ္ဘာကိုပင် ဖျက်ဆီးပစ်နိုင်လောက်သည့် အင်အားကိုပေးစွမ်းနိုင်ပေသည်။

ထိုစကားကို ကြားသည်နှင့် ဂူရှုလုံနှင့် ဂူချီထျန်း

တို့ နှစ်ဦးစလုံးမှာ အံ့အားသင့်စွာဖြင့် ထိတ်လန့်သွားကြ၏။

ခဏအကြာ ငြိမ်သက်သွားပြီးနောက် ဝူရှုလုံ၏ မျက်လုံးများတွင် ရည်မှန်းချက် ကြီးမားသည့် အရိပ်အယောင်များ တောက်ပလာပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"အဖေ့ရဲ့ နာမည်ကို ကျွန်တော် သိတယ်... အထက်ကမ္ဘာ တစ်ခုလုံးမှာ ဝူမိသားစု ကုန်သည်အသင်းရဲ့ နာမည်ကို မိုးခြိမ်းသံလို ဟိန်းထွက်သွားအောင် ကျွန်တော် သေချာပေါက် လုပ်မယ်..."

"အေး... အရမ်းကောင်းတယ်..."

ဝူဟောက်သည် ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်ပြီးနောက် လှည့်ထွက်သွား၏။ အထက်ကမ္ဘာ၏ အကြီးဆုံး ကုန်သည်အသင်းအဖြစ် ဝူမိသားစု ကုန်သည်အသင်းကို ဝူရှုလုံ မည်မျှ

အချိန်ယူ၍ ဖန်တီးမည်ကို သူ မြင်တွေ့ချင်နေပြီ ဖြစ်သည်။

ဝူဟောက် ထွက်သွားပြီး မကြာမီမှာပင် နတ်ဘုရားဆန့်ကျင်ခြင်း မြင့်မြတ်နယ်မြေ မှ တပည့် တစ်ဦးက ဝူရှုလုံနှင့် ဝူချီထျန်းတို့၏ ရှေ့သို့ ရောက်ရှိလာ၏။

"ခင်ဗျားတို့ နှစ်ယောက်က ဝူ မိသားစု က ဖြစ်ရမယ်... ကျေးဇူးပြုပြီး ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ..."

"အင်း..."

ဝူရှုလုံနှင့် ဝူချီထျန်းတို့သည် တုံ့ဆိုင်းနေခြင်း မရှိဘဲ တစ်ဖက်လူ၏ နောက်သို့ အလျင်အမြန် လိုက်သွားပြီး နတ်ဘုရားဆန့်ကျင်ခြင်း မြင့်မြတ်နယ်မြေ သို့ ဦးတည်သွားကြသည်။

အချိန်များက သတိမထားမိလိုက်ဘဲ လျင်မြန်စွာ ကုန်ဆုံးသွားပြီး ဆယ်နှစ်တာ ကာလသို့

မျက်စိတစ်မှိတ်အတွင်း ရောက်ရှိသွား၏။

ဤဆယ်နှစ်တာ ကာလအတွင်း ဝူဟောက်နှင့် စူးချောင်ရန်တို့သည် အထက်ကမ္ဘာ ၏ နေရာတော်တော်များများကို စူးစမ်းလေ့လာခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ဝူဟောက်၏ ကျင့်ကြံခြင်း အဆင့်ဖြင့် သာမန်လူများ သူတို့၏ ဘဝတစ်သက်တာလုံး သွားရောက်နိုင်မည် မဟုတ်သော နေရာများကို အလွယ်တကူ သွားရောက်နိုင်ခဲ့သည်။

ထို့ကြောင့် ဆယ်နှစ်ကြာပြီးနောက် စူးချောင်ရန်က ဝူဟောက်ကို ကြည့်၍ ပြောလိုက်၏။

"ယောက်ျား... ကျွန်မတို့ ပျော်တာ လုံလောက်ပြီထင်တယ်... အခု ပြန်ရမယ့် အချိန် ရောက်ပြီ..."

"ကောင်းပြီ... သွားကြတာပေ့ါ..."

ဝူဟောက်သည် ခေါင်းညိတ်သဘောတူလိုက်ပြီးနောက် စူးချောင်ရန်ကို ခေါ်၍ ဖန်လိုင် အင်

မော်တယ်ကျွန်း သို့ ဦးတည် ထွက်ခွာသွားသည်။

အခြားတစ်ဖက်တွင်

နတ်ဘုရားဆန့်ကျင်ခြင်း မြင့်မြတ်နယ်မြေ ၏ အကူအညီဖြင့် ဂူရူလုံသည် ဂူမိသားစု ကုန်သည် အသင်း ကို လျင်မြန်စွာ တည်ထောင်နိုင်ခဲ့သည်။ ၎င်း၏ ဆန်းသစ်သော စီးပွားရေး ပုံစံနှင့် ပေါများလှသော ဘဏ္ဍာရေး အရင်းအမြစ်များ ကြောင့် ဂူမိသားစု ကုန်သည်အသင်းသည် ရွှမ်ကျိုး နယ်မြေ တွင် အကြီးဆုံး ကုန်သည်အသင်း အဖြစ် လျင်မြန်စွာ ရပ်တည်နိုင်ခဲ့၏။

သို့သော်လည်း ဂူရူလုံ၏ ရည်မှန်းချက်သည် ထို အရာထက် များစွာ ကျယ်ပြန့်လှသည်။ သူ၏ ပန်းတိုင်မှာ အထက်ကမ္ဘာ တွင် အကြီးဆုံး ကုန်သည်အသင်း ဖြစ်လာရန်ပင် ဖြစ်သည်။

"ဒါက နည်းနည်းတော့ ပြဿနာ ရှိသေး တယ်... အလယ်ပိုင်း ဒေသ က အင်အားအကြီး

ဆုံး ကုန်သည်အသင်းတွေမှာ ပုံမှန်အားဖြင့် အင်မော်တယ် ကေရာဇ် ဒါမှမဟုတ် အင်မော်တယ် အရှင်မြတ် အဆင့်ရှိတဲ့ သူတွေက ကြီးကြပ်ပေးနေတာ... အခုလောလောဆယ် ငါ့မှာ အသုံးချလို့ရတဲ့သူ မရှိသေးဘူး... ဒါကြောင့် အလယ်ပိုင်းဒေသရဲ့နယ်မြေထဲကို လောလောဆယ် ဝင်လို့မရသေးဘူး..."

"ကြည့်ရတာ အစောင့်အရှောက် အဖြစ် တာဝန်ယူပေးနိုင်မယ့် အင်အားကြီးတဲ့ ညှိသည် အကြီးအကဲ တစ်ယောက်ကို အမြန်ဆုံး ရှာဖွေဖို့ လိုအပ်နေပြီ..."

ဝူရှူလုံက သူ့ဟာသူ တွေးလိုက်မိသည်။

"အိုင်း... အခု ရွှမ်ကျုံး နယ်မြေ မှာ အကြီးဆုံး ကုန်သည်အသင်း ဖြစ်လာပြီ ဆိုပေမယ့် အထွတ်အထိပ် အဆင့်ရှိတဲ့ ကျန်းယဲ့ က တာဝန်ယူပေးထားလို့သာ အခုလို အောင်မြင်မှု ရခဲ့

တာ..."

ဝူရှုလုံသည် ဝူမိသားစု ကုန်သည်အသင်း၏ ရှေ့ဆက်ရမည့် ခြေလှမ်းအတွက် စဉ်းစားနေစဉ် ဝူချီထျန်းက တံခါးကို တွန်းဖွင့်၍ ဖြည်းညင်းစွာ ဝင်လာ၏။

"အဖေ... ဒါက ဒီနှစ်အတွက် ကျွန်တော်တို့ရဲ့ ဝင်ငွေနဲ့ အမြတ်ငွေ စာရင်းပါ..."

"ငါ သိပြီ... ဒါနဲ့... မင်း အပြင်ထွက်တဲ့အခါ ဝူမိသားစု ကုန်သည်အသင်း က အင်မော်တယ် ဘုရင် အဆင့် ဒါမှမဟုတ် အဲဒီအထက် အဆင့်ရှိတဲ့ ညှို့သည်အကြီးအကဲ တွေကို အလုပ်ခေါ်နေတယ် ဆိုတဲ့ သတင်းကို ဖြန့်လိုက်... လစာနဲ့ ခံစားခွင့်တွေကိုတော့ တွေ့ဆုံဆွေးနွေးတဲ့အခါမှ သတ်မှတ်မယ်လို့ ပြောလိုက်..."

ဝူရှုလုံက ဝူချီထျန်းကို ထွက်သွားရန် လက်ဝှေ့ယမ်းပြလိုက်သော်လည်း ရုတ်တရက်

တစ်စုံတစ်ခုကို သတိရသွားကာ အမိန့်ပေးလိုက်၏။

ဝူချီထျန်းသည် တစ်ခဏမျှ ချီတုံချတုံ ဖြစ်သွားသော်လည်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအချိန်၌ ရွှမ်ကျုံး နယ်မြေ ၏ အစွန်အဖျားတွင် ဝူချီလုံ သည် ဒဏ်ရာဒဏ်ချက်များဖြင့် ထွက်ပေါ်လာသည်။

"ခွေးစုတ်ပလုတ်... ကတိပေးထားတဲ့ လေ့ကျင့်မှုက ဘာဖြစ်သွားတာလဲ... ဒါက အရမ်းကို လွန်လွန်းနေပြီ..."

ဝူဟောက်၏ နှင်ထုတ်ခြင်းကို ခံရပြီး ဖန်လိုင်အင်မော်တယ်ကျွန်း မှ ထွက်လာခဲ့ရပြီးနောက် ဝူချီလုံသည် ဝူဟောက်၏ ညွှန်ကြားချက်များအတိုင်း သုညမှ ပြန်လည် စတင်ခဲ့ပြီး ချီသန့်စင်ခြင်းအဆင့် မှစ၍ စိန်ခေါ်မှုများကို စတင်ခဲ့သည်။

အစပိုင်းတွင် ဒဏ်ရာများရခဲ့သော်လည်း သို့သော် နောက်ပိုင်းတွင် တိုက်ပွဲများကို တဖြည်းဖြည်း အသားကျလာပြီး တိုက်ပွဲ အတွေ့အကြုံများ ပိုမို ရရှိလာသည်နှင့်အမျှ သူ၏ ပြိုင်ဘက်များကလည်း သိသိသာသာ ပြောင်းလဲလာကာ ချီသန့်စင်ခြင်းအဆင့် မှနေ၍ စစ်မှန်အင်မော်တယ် အဆင့်ထိ တိုက်ရိုက် ခုန်တက်သွား၏။

တစ်ဖက်လူက သူ့ကို မသတ်နိုင်သော်လည်း နာကျင်အောင်တော့ လုပ်နိုင်သည်။ ထို့ကြောင့် သွားစရာ နေရာမရှိတော့သဖြင့် ဂူချီလုံသည် နောက်ဆုံးတွင် တောင်ပိုင်းရှိ ရွှမ်ကျုံး နယ်မြေသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

"လောလောဆယ် အဲဒါကို မေ့ထားလိုက်တော့... အဲဒီ စစ်မှန်အင်မော်တယ် က လောလောဆယ်တော့ ရောက်လာမှာ မဟုတ်

ဘူး… ငါသာ အင်မော်တယ် မဟာဧကရာဇ် အဆင့်ကို ပြန်ရောက်သွားရင် သူ့ကို သတ်ပြီး သေချာပေါက် ကလဲ့စားချေပစ်မယ်… အခု လောလောဆယ် အရေးအကြီးဆုံးက ခဏ လောက် နားခိုဖို့ နေရာတစ်ခု ရှာဖို့ပဲ…"

ဝူချီလုံသည် ရက်စက်စွာ တွေးလိုက်ပြီးနောက် အသက်ရှူနှုန်းကို ထိန်းညှိကာ ရွှမ်ကျုံး နယ်မြေ၏ ဗဟိုချက်ဆီသို့ ထွက်ခွာလာခဲ့သည်။ ထို နေရာမှာ အခြားမဟုတ်ဘဲ ဝူမိသားစု ကုန်သည် အသင်းရှိရာ နေရာပင် ဖြစ်၏။

***